## CHECK AGAINST DELIVERY

**ဒေါ်ဝေဝေနု ၏တင်ပြချက်**
**ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အမျိုးသမီး၊ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာ တံခါးဖွင့်ဆွေးနွေးငြင်းခုန်မှုအစီအစဉ်**
**၂၄၊ အောက်တိုဘာ၊ ၂၀၂၄**

လေးစားအပ်ပါသော ဥက္ကဋ္ဌ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း မိတ်ဆွေများရှင်

ဒီနှစ်ပြုလုပ်တဲ့ အမျိုးသမီး၊ငြိမ်းချမ်းရေးနှင့်လုံခြုံရေး (WPS) ဆိုင်ရာ တံခါးဖွင့်ဆွေးနွေးငြင်းခုန်မှုအစီအစဉ်မှာ ခုလို တင်ပြပြောဆိုခွင့်ရတဲ့အတွက် ကျွန်မအနေနဲ့ ဂုဏ်ယူဝမ်းမြောက်မိကြောင်း ဦးစွာပြောကြားလိုပါတယ်။ ကျွန်မကတော့ ဝေဝေနုဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးနဲ့ တန်းတူရေးအတွက် စည်းရုံးတိုက်တွန်းမှုတွေ ဆောင်ရွက်နေတဲ့ အမျိုးသမီးငြိမ်းချမ်းရေးကွန်ရက်အဖွဲ့ ရဲ့ တည်ထောင်သူနဲ့ အမှုဆောင်ညွှန်ကြားရေးမှူး ဖြစ်ပါတယ်။

ကမ္ဘာတစ်ဝှမ်းမှာရှိတဲ့ ပဋိပက္ခတွေနဲ့ အကျပ်အတည်းတွေအတွင်းက အမျိုးသမီးအခွင့်အရေးနဲ့ ပတ်သက်တဲ့ အခြေအနေတွေ၊ ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း အမျိုးသမီးပါဝင်မှု လက်ခံနိုင်စရာ မရှိလောက်အောင် နည်းပါးနေတာကို ကြည့်လိုက်ရင် ဒီနေ့ဆွေးနွေးပွဲ ခေါင်းစဉ်ဟာ အားပေးကြိုဆိုရမယ့် ရွေးချယ်မှု တစ်ခုဖြစ်ပါတယ်။ တကယ်တော့ ဒီအကြောင်းအရာ နှစ်ခုလုံးဟာ WPS အစီအစဉ်မှာ ကိုင်တွယ်ဖြေရှင်းရမယ့် ကိစ္စတွေ ဖြစ်ပါတယ်။ လက်ရှိမှာ ဂါဇာ နဲ့ ယူကရိန်း မှာလိုမျိုး ပဋိပက္ခတွေ စံချိန်တင်အမြင့်ဆုံး အတိုင်းအတာအထိ ဖြစ်ပျက်နေတာတွေကို ကျွန်မတို့တွေ့နေရပါတယ်။ ဒါ့အပြင် အာဖဂန်နစ္စတန်ကို တာလီဘန်တွေ ထိန်းချုပ်လိုက်တဲ့ ဖြစ်စဉ်မျိုးတွေလဲ တွေ့ခဲ့ရပြီး၊ ဆူဒန်၊ ဆီးရီးယား၊ ယီမင်နဲ့ ကမ္ဘာတစ်ဝှမ်းက ပဋိပက္ခဖြစ်ပေါ်နေတဲ့ နေရာတွေမှာ လူသားချင်းစာနာအကျပ်အတည်းတွေ မကြုံစဖူး အတိုင်းအတာအထိဖြစ်နေတာတွေလည်း တွေ့နေရပါတယ်။ အမျိုးသမီးတွေဟာ ပဋိပက္ခနှင့်ဆက်နွှယ်တဲ့ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု[1]၊ အမျိုးသမီးများအားပစ်မှတ်ထားသတ်ဖြတ်မှု[2]၊ ဂျန်ဒါခွဲခြားဆက်ဆံရေးဝါဒ[3]၊ ဂျန်ဒါအခြေပြုနှိပ်ကွပ်မှုတွေနဲ့[4] အခြားပစ်မှတ်ထား ရက်စက်မှုတွေကို မတန်တဆ ပိုပြီးကြုံတွေ့ကြရပါတယ်။ ဒါ့အပြင် လက်ရှိမှာ ကျွန်မတို့ဟာ ဂျန်ဒါနဲ့အမျိုးသမီးအခွင့်အရေး ကိစ္စနဲ့ပတ်သက်ပြီး တစ်ကမ္ဘာလုံးအတိုင်းအတာ ဆန့်ကျင်တုန့်ပြန်မှုတွေနဲ့[5] အထိတ်တလန့်ဖြစ်စရာ ရင်ဆိုင်နေရပါတယ်။ ဒီအခြေအနေတွေ အားလုံးဟာ ငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းတွေမှာ အဓိပ္ပါယ်ပြည့်ဝစွာ ပူးပေါင်းပါဝင်နိုင်ရေးအတွက် ကျွန်မတို့ရဲ့ စုပေါင်းဆောင်ရွက်နိုင်စွမ်းကို ချည့်နဲ့စေလျက်ရှိပြီး ကျွန်မတို့ရဲ့ ငြိမ်းချမ်းရေးမျှော်လင့်ချက်အပေါ်လည်း ခြိမ်းခြောက်မှုဖြစ်စေပါတယ်။

လွန်ခဲ့တဲ့ (၂၄) နှစ်လောက်တုန်းက ကမ္ဘာတစ်ဝှမ်းက ဖိုးမင်းနစ်လှုပ်ရှားမှုတွေဟာ တန်းတူမှု၊ မျှတမှုနဲ့ ငြိမ်းချမ်းမှုရှိတဲ့ အနာဂတ် တည်ဆောက်ရာမှာ ကျွန်တို့အမျိုးသမီးတွေ ဘယ်လောက်လုပ်နိုင်စွမ်းရှိလဲဆိုတာ နိုင်ငံတကာအသိုင်းအဝိုင်းကို ပြန်ပြီးသတိပေးခဲ့ပါတယ်။ ကောင်စီအနေနဲ့လည်း ဒီတိုက်တွန်းချက်တွေကို အလေးထားတဲ့အနေနဲ့ ဆုံးဖြတ်ချက် ၁၃၂၅ (၂၀၀၀) ကို ချမှတ်ခဲ့ပါတယ်။ ဒါပေမယ့် ဒီဆုံးဖြတ်ချက်က ပေးခဲ့တဲ့ တန်းတူညီမျှရေး ကတိကဝတ်နဲ့ ကျွန်မတို့ လက်ရှိမှာ အရမ်းအလှမ်းဝေးနေဆဲပါ။

လူ့အခွင့်အရေးကာကွယ်သူတစ်ယောက်၊ နိုင်ငံရေးအကျဉ်းသူဟောင်းတစ်ယောက်လည်းဖြစ်တဲ့ ကျွန်မရဲ့ တက်ကြွလှုပ်ရှားမှုခရီးကို အပြောင်းအလဲတွက် မျှော်လင့်ချက်က ထိန်းကြောင်းလမ်းညွှန်ပေးခဲ့တာပါ။  ကျွန်မ တစ်ယောက်တည်းရယ်လို့ မဟုတ်ပါဘူး။ လက်ရှိမြန်မာနိုင်ငံမှာ နိုင်ငံတစ်ဝှမ်းကအမျိုးသမီးတွေဟာ စစ်တပ်နဲ့ သူရဲ့၂၀၂၁ ခုနှစ် အာဏာသိမ်းရန် ကြိမ်းပမ်းမှုကို ဆန့်ကျင်တွန်းလှန်နေကြပါတယ်။ သူတို့တွေဟာ မဟာဖိုဝါဒ၊

---

[1] “Conflict-related sexual violence: Report of the Secretary-General,” 4 April 2024, S/2024/292, undocs.org/s/2024/292.

[2] Human Rights Watch, “Femicide and Reproductive Violence Harm African Women, Girls,” 31 July 2024, https://www.hrw.org/news/2024/07/31/femicide-and-reproductive-violence-harm-african-women-girls.

[3] “The phenomenon of an institutionalized system of discrimination, segregation, disrespect for human dignity and exclusion of women and girls: Report of the Special Rapporteur on the situation of human rights in Afghanistan,” 13 May 2024, A/HRC/56/25,

[4] Amnesty International, “Afghanistan: Taliban’s treatment of women and girls should be investigated as the crime against humanity of gender persecution,” 26 May 2023, https://www.amnesty.org/en/latest/news/2023/05/afghanistan-talibans-treatment-of-women-and-girls-should-be-investigated-as-the-crime-against-humanity-of-gender-persecution/.

[5] “Escalating backlash against gender equality and urgency of reaffirming substantive equality and the human rights of women and girls - Report of the Working Group on discrimination against women and girls,” 15 May 2024, A/HRC/56/51, https://www.ohchr.org/en/documents/thematic-reports/ahrc5651-escalating-backlash-against-gender-equality-and-urgency.

လိပ်တူချစ်သူမုန်းတီးရေး၊ လိင်စိတ်ပြောင်းလဲသူမုန်းတီးရေး[6] စတာတွေအပါအဝင် ဖိနှိပ်မှုမျိုးစုံကို အသက်ရင်းပြီး ဆန့်ကျင်ဖီဆန်နေကြပါတယ်။ ရှေ့ဆုံးတန်းက တုန့်ပြန်ဖြေရှင်းသူတွေ၊ အမျိုးသမီးလူ့အခွင့်အရေး ကာကွယ်သူတွေ[7] ဖြစ်ကြတဲ့ ကျွန်မတို့အနေနဲ့ အာဏာသိမ်းမှုမတိုင်ခင်ကာလ နဂိုမူလအခြေအနေကို ပြန်မရောက်စေဖို့ နဲ့ ဂျန်ဒါ၊ လိင်စိတ်ခံယူမှု၊ လူမျိုးစု ဒါမှမဟုတ် အခြားဖြစ်တည်မှုတွေအပေါ်[8]အခြေခံတဲ့ ခွဲခြားမှုမရှိပဲ အပြည့်အဝပူးပေါင်းပါဝင်နိုင်တဲ့ အနာဂတ်သစ်တစ်ခုကို တည်ဆောက်ဖို့ရာ တတ်နိုင်သမျှ အစွမ်းကုန် ကြိုးစားနေပါတယ်။

ဒါပေမယ့် မြန်မာစစ်တပ်ရဲ့နိုင်ငံတစ်ဝှမ်း အကြမ်းဖက်လုပ်ငန်းတွေဟာ ကျွန်မတို့ရဲ့ရည်မှန်းချက်ပန်းတိုင် မရောက်နိုင်အောင် တားဆီးနေပါတယ်။ ကျွန်မပြောနေတဲ့ စစ်တပ်ဟာ စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်သောရာဇဝတ်မှု နဲ့ လူမျိုးတုန်းသတ်ဖြတ်မှု[9] ကျူးလွန်ခဲ့တယ်လို့ ကုလသမဂ္ဂကကိုယ်တိုင်က ပြောထားတဲ့စစ်တပ်ပဲဖြစ်ပါတယ်။ အာဏာသိမ်းဖို့ကြိုးပမ်းမှု ဖြစ်ပြီးနောက်မှာ စစ်တပ်ဟာ အရပ်သားတွေကို လေကြောင်းတိုက်ခိုက်မှုတွေ[10] ပြုလုပ်ခဲ့ပြီး လူနေအိမ်တွေ၊ ကျောင်းတွေ၊ ဆေးရုံတွေနဲ့ ဝတ်ပြုကိုးကွယ်ရာနေရာတွေကို[11] ပတ်မှတ်ထားခဲ့တာကြောင့် ပြည်သူသန်းနဲ့ချီ[12] နေရပ်စွန့်ခွာထွက်ပြေးခဲ့ရပါတယ်။ အာဏာသိမ်းရန်ကြိုးပမ်းမှု ဖြစ်ပြီးနောက်ပိုင်းမှာ မြန်မာနိုင်ငံမှာ စစ်တပ်နဲ့ အခြားလက်နက်ကိုင်အဖွဲ့တွေက[13] အဓိကကျူးလွန်ခဲ့တဲ့ ဂျန်ဒါအခြေပြုရာဇဝတ်မှုတွေ တစ်ဟုန်ထိုး မြင့်တက်လာခဲ့ပါတယ်။ ဒါ့အပြင် စစ်တပ်ဟာ အမျိုးသမီး ထောင်ပေါင်းများစွာကို[14] တရားလက်လွတ် ဖမ်းဆီးသတ်ဖြတ်တာတွေ ကျူးလွန်ခဲ့ပါတယ်။ ဖမ်းဆီးခံရတဲ့ အမျိုးသမီးတွေအနေနဲ့လည်း ညှင်းပမ်းနှိပ်စက်မှုတွေ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေနဲ့ ထိန်းသိမ်းခံရစဉ်[15] ကျန်းမာရေး ပြုစုစောက်ရှောက်မှု ငြင်းပယ်ခံရတာတွေလည်း ကြုံတွေ့ကြရပါတယ်။ ဖေဖော်ဝါရီလ ကစပြီး စစ်တပ်ဟာ အမျိုးသမီးငယ်တွေနဲ့ ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးသူတွေ (IDP) အပါအဝင် အရပ်သားတွေကို အဓမ္မတပ်သားစုဆောင်းခဲ့ပြီး စတေးခံတွေနဲ့ လူသားဒိုင်းတွေအဖြစ်[16] အသုံးပြုလာခဲ့ပါတယ်။ စစ်တပ်ဟာ လူသားချင်းစာနာမှု ကပ်ဘေးဖြစ်အောင်

---

6 Outright International, "LGBTQ Anti-Coup Resistance in Myanmar," 24 September 2024, https://outrightinternational.org/our-work/human-rights-research/lgbtq-anti-coup-resistance-myanmar; Women's League of Burma, "Building the Triple Resistance: Women Leaders' Perceptions of Changes and Challenges A Year and A Half After the Coup in Burma," 4 January 2024, https://www.womenofburma.org/reports/building-triple-resistance; Statement by Ms. Naw Hser Hser at the UN Security Council Open Debate on Conflict-Related Sexual Violence, 14 July 2023, https://www.womenpeacesecurity.org/resource/statement-unsc-crsv-open-debate-naw/.

7 Special Rapporteur on the situation of human rights in Myanmar, "Courage amid Crisis: Gendered impacts of the coup at the pursuit of gender equality in Myanmar," Section IX, 2 July 2024, A/HRC/56/CRP.8, https://www.ohchr.org/en/documents/thematic-reports/ahrc56crp8-courage-amid-crisis-gendered-impacts-coup-and-pursuit-gender; UN Women, "Women's organizations remain at the front line of the crisis response in Myanmar," 16 August 2023, https://www.unwomen.org/en/news-stories/feature-story/2023/08/womens-organizations-remain-at-the-front-line-of-the-crisis-response-in-myanmar.

8 Michelle Onello & Akila Radhakrishnan, "Reversing the Coup is No Solution for Myanmar," The Diplomat, 13 May 2021, https://thediplomat.com/2021/05/reversing-the-coup-is-no-solution-for-myanmar/.

9 Independent International Fact-Finding Mission on Myanmar, "Sexual and gender-based violence in Myanmar and the gendered impact of its ethnic conflicts," ¶254-255, 22 August 2019, A/HRC/42/CRP.4, https://www.ohchr.org/sites/default/files/Documents/HRBodies/HRCouncil/FFM-Myanmar/sexualviolence/A_HRC_CRP_4.pdf; "Report of the independent international fact-finding mission on Myanmar," ¶83-89, 12 September 2018, A/HRC/39/64, undocs.org/a/hrc/39/64.

10 Report of the Special Rapporteur on the situation of human rights in Myanmar, ¶20-24, 20 March 2024, A/HRC/55/65, undocs.org/a/hrc/55/65; Human Rights Watch, "Myanmar: Upswing in Unlawful Airstrikes," 11 January 2024, https://www.hrw.org/news/2024/01/11/myanmar-upswing-unlawful-airstrikes.

11 Report of the Independent Investigative Mechanism for Myanmar, ¶26, 11 July 2024, A/HRC/57/18, https://iimm.un.org/wp-content/uploads/2024/08/2411995E.pdf.

12 UNHCR Operational Data Portal, "Myanmar situation," accessed 7 October 2024, https://data.unhcr.org/en/situations/myanmar.

13 "Situation of human rights in Myanmar: Report of the United Nations High Commissioner for Human Rights," ¶42-47, 4 September 2024, A/HRC/57/56, https://www.ohchr.org/en/documents/country-reports/ahrc5756-situation-human-rights-myanmar-report-united-nations-high; Special Rapporteur on the situation of human rights in Myanmar, "Courage amid Crisis: Gendered impacts of the coup at the pursuit of gender equality in Myanmar," ¶58-70, ¶71-76, 2 July 2024, A/HRC/56/CRP.8, https://www.ohchr.org/en/documents/thematic-reports/ahrc56crp8-courage-amid-crisis-gendered-impacts-coup-and-pursuit-gender.

14 Assistance Association for Political Prisoners, "Daily Briefing in Relation to the Military Coup - 23 October 2024," 23 October 2024, https://aappb.org/?p=29801.

15 "Situation of human rights in Myanmar: Report of the United Nations High Commissioner for Human Rights," ¶30-34 and ¶35-41, 4 September 2024, A/HRC/57/56, https://www.ohchr.org/en/documents/country-reports/ahrc5756-situation-human-rights-myanmar-report-united-nations-high; Report of the Independent Investigative Mechanism for Myanmar, ¶20-25, 11 July 2024, A/HRC/57/18, https://iimm.un.org/wp-content/uploads/2024/08/2411995E.pdf; Report of the Special Rapporteur on the situation of human rights in Myanmar, ¶72-75, 20 March 2024, A/HRC/55/65, undocs.org/a/hrc/55/65; International Commission of Jurists, "Unseen and Unheard: Violation of Women's Rights in Myanmar," 1 July 2024, https://www.icj.org/myanmar-women-deprived-of-liberty-subjected-to-egregious-human-rights-violations-including-torture-and-other-ill-treatment/.

16 Report of the Special Rapporteur on the situation of human rights in Myanmar, ¶37-42, 20 March 2024, A/HRC/55/65, undocs.org/a/hrc/55/65; OHCHR, "Myanmar: Military junta even greater threat to civilians as it imposes military draft, warns UN expert," 21 February 2024, https://www.ohchr.org/en/press-releases/2024/02/myanmar-military-junta-even-greater-threat-civilians-it-imposes-military.

ဖန်တီးခဲ့ပြီး အမျိုးသမီးနဲ့ မိန်းကလေးငယ်တွေ တစ်ဝက်မကပါဝင်နေတဲ့[17] ပြည်သူ (၁၈) သန်းကျော်ဆီ အကူအညီတွေမရောက်နိုင်အောင် တားဆီးတာ၊ အကူအညီတွေကို လက်နက်အဖြစ်အသုံးချတာ[18] စတာတွေလုပ်ဆောင်လာခဲ့ပါတယ်။ ပြည်သူသိန်းပေါင်းများစွာဟာ မြန်မာနိုင်ငံကိုစွန့်ခွာထွက်ပြေးပြီး အိမ်နီးချင်းနိုင်ငံတွေမှာ[19] ကာကွယ်မှုရဖို့ ရှာဖွေနေရင်း ခိုလှုံနေကြရပေမယ့် ဖမ်းဆီးခံခြင်းနဲ့ အဓမ္မပြန်ပို့ခံခြင်း ကြုံရနိုင်တဲ့အန္တရာယ်ကိုလဲ ရင်ဆိုင်နေရပါတယ်။ [20]

ဂုဏ်သရေရှိ လူကြီးမင်းများရှင်

အနာဂတ်မြန်မာနိုင်ငံမှာ အမျိုးသမီးတွေ အပြည့်အဝ ပူးပေါင်းပါဝင်မှုရှိစေဖို့ဆိုရင် ပဋိပက္ခရဲ့အရင်းအမြစ်ကို မဖြစ်မနေ ကိုင်တွယ်ဖြေရှင်းဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံမှာလိုမျိုး ရက်စက်ကြမ်းကြုတ်မှုတွေ ဆယ်စုနှစ်များစွာကြာအောင် အဓိကကျူးလွန်ခဲ့သူတွေကို အပြစ်ပေးအရေးယူနိုင်ခြင်း မရှိသေးတဲ့ အခြေအနေမျိုးမှာဆိုရင် ပြဿနာရဲ့အဓိကအကြောင်းရင်းက ပြစ်ဒဏ်ကင်းလွတ်ခွင့် အလေ့အထလို့ ဆိုရမှာဖြစ်ပါတယ်။ အာဖဂန်နစ္စတန်၊ ဆူဒန်၊ ပါလက်စတိုင်း နဲ့ အခြား ဖြစ်စဉ်အများအပြားလိုပဲ မြန်မာနိုင်ငံမှာလည်း ပြစ်ဒဏ်ကင်းလွတ်ခွင့်အလေ့အထဟာ ကူးစက်တက်ပါတယ်။ ကျူးလွန်သူတွေကို ရဲဆေးတင်ပေးပြီး အခြားသူတွေကိုလည်း သူတို့ထက်တစ်ဆင့်နိမ့်သူတွေလို့ သတ်မှတ်တဲ့အုပ်စုတွေအပေါ် အထူးသဖြင့် အမျိုးသမီးတွေအပေါ် ရက်စက်မှုတွေ လွတ်လွတ်လပ်လပ် ကျူးလွန်နိုင်တယ်လို့ ပြသနေပါတယ်။ ဆုံးဖြတ်ချက် ၁၃၂၅ မှာ အတိအလင်း ဖော်ပြထားတဲ့အတိုင်း မြန်မာနိုင်ငံမှာ သာမက ကမ္ဘာတစ်ဝှမ်းက ပဋိပက္ခအခြေအနေတွေမှာ အမျိုးသမီးအခွင့်အရေး အကာအကွယ်ပေးရေးအတွက် နိုင်ငံတကာဥပဒေတွေအပေါ် တာဝန်ခံမှုနဲ့ လေးစားမှု ရှိဖို့က အလွန်တရာမှအရေးကြီးလှပါတယ်။ အမျိုးသမီးတွေဟာ နေ့စဉ်နဲ့အမျှ[21] ဘာနောက်ဆက်တွဲအရေးယူမှုမှမရှိပဲ တိုက်ခိုက်ခံနေရမယ်ဆိုရင် ဘဝရဲ့ ဘယ်နေရာမှာမှ အဓိပ္ပါယ်ပြည့်ဝစွာ ပူးပေါင်းပါဝင်နိုင်မှာမဟုတ်ပါဘူး။

ဒီလို ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေတဲ့ အခြေအနေကို ရခိုင်ပြည်နယ်မှာ အထင်ရှားဆုံး တွေ့မြင်နိုင်ပါတယ်။ ရခိုင်ပြည်နယ်မှာဆိုရင် စစ်တပ်နဲ့ ရက္ခိုင့်တပ်တော် (AA) တို့ဟာ ရိုဟင်ဂျာပြည်သူတွေကို ပစ်မှတ်ထားလာခဲ့ကြပြီး ရက်စက်ကြမ်းကြုတ်မှုတွေလည်း အရှိန်မြင့်တက်လာနေပါတယ်။[22] AA ဟာ နိုဝင်ဘာလ၊ ၂၀၂၃ ခုနှစ် ကစပြီး ရိုဟင်ဂျာပြည်သူတွေရဲ့နေအိမ်တွေနဲ့ ကျေးရွာတွေကို မီးရှို့ဖျက်ဆီးလာခဲ့ပြီး၊ ရိုဟင်ဂျာပြည်သူတွေကို အုပ်စုလိုက်သတ်ဖြတ်တာ၊ ဖမ်းဆီးတာ၊ ညှင်းပန်းနှိပ်စက်တာ၊ အဓမ္မနေရပ်စွန့်ခွာထွက်ပြေးစေတာ[23] စတာတွေ လုပ်ဆောင်ခဲပါတယ်။ လက်နက်ကိုင်အကြမ်းဖက်မှု၊ ငတ်မွတ်မှုနဲ့[24] သောက်သုံးရေ၊ ယာယီနေရာထိုင်ခင်းနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ မရှိတာကြောင့် လူအနည်းဆုံး ၄၀,၀၀၀ လောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ထွက်ပြေးခဲ့ရပါတယ်။[25] လက်ရှိအချိန်အထိ ရိုဟင်ဂျာ တစ်သန်းနီးပါးဟာလည်း လူဦးရေထူထပ်လှတဲ့ ကော့ဘဇား ဒုက္ခသည်စခန်းတွေမှာ

---

17 UNHCR, "Myanmar Emergency - UNHCR Regional Update - 2 September 2024," 16 September 2024, https://data.unhcr.org/en/documents/details/111180; OCHA, "Myanmar Humanitarian Response Plan 2024," p. 7, 18 December 2023, https://reliefweb.int/report/myanmar/myanmar-humanitarian-needs-and-response-plan-2024-december-2023-enmy.

18 MSF, "Health workers struggle to respond amid severe restrictions in Rakhine State," 16 January 2024, https://www.msf.org/health-workers-struggle-respond-amid-severe-restrictions-rakhine-state-myanmar; UN News, "Myanmar: Military's obstruction of humanitarian aid could be international crime," 30 June 2023, https://news.un.org/en/story/2023/06/1138262.

19 UNHCR, "Myanmar Emergency - UNHCR Regional Update - 2 September 2024," 16 September 2024, https://data.unhcr.org/en/documents/details/111180.

20 International Commission of Jurists, "India: Immediately halt forced returns of Myanmar refugees in Manipur and respect the non-refoulement principle," 10 May 2024, https://www.icj.org/india-immediately-halt-forced-returns-of-myanmar-refugees-in-manipur-and-respect-the-non-refoulement-principle/; Human Rights Watch, "Thailand: Halt Forced Returns to Myanmar," 11 April 2024, https://www.hrw.org/news/2024/04/11/thailand-halt-forced-returns-myanmar; Report of the Special Rapporteur on the situation of human rights in Myanmar, Section III, 30 March 2023, A/HRC/52/66, undocs.org/a/hrc/52/66.

21 Women's League of Burma, "Building the Triple Resistance: Women Leaders' Perceptions of Changes and Challenges A Year and A Half After the Coup in Burma," p. 6, 4 January 2024, https://www.womenofburma.org/reports/building-triple-resistance; Statement by Ms. Naw Hser Hser at the UN Security Council Open Debate on Conflict-Related Sexual Violence, 14 July 2023, https://www.womenpeacesecurity.org/resource/statement-unsc-crsv-open-debate-naw/; OHCHR, "Myanmar: Social media campaigns must stand up to junta's online terror campaign, say UN experts," 13 March 2023, https://www.ohchr.org/en/press-releases/2023/03/myanmar-social-media-companies-must-stand-juntas-online-terror-campaign-say.

22 OHCHR, "Myanmar: Turk deplores attacks on civilians fleeing Rakhine, fears repeat of 2017 atrocities against Rohingya," 23 August 2024, https://www.ohchr.org/en/press-releases/2024/08/myanmar-turk-deplores-attacks-civilians-fleeing-rakhine-fears-repeat-2017; Women's Peace Network, "Renewed atrocities against Rohingya in Rakhine State, Myanmar," July 2024, https://www.womenspeacenetwork.org/s/Report_2024_7_Renewed-atrocities-against-Rohingya-in-Rakhine-State-Myanmar.pdf.

23 "Situation of human rights in Myanmar: Report of the United Nations High Commissioner for Human Rights," ¶18-20, 4 September 2024, A/HRC/57/56, https://www.ohchr.org/en/documents/country-reports/ahrc5756-situation-human-rights-myanmar-report-united-nations-high; "Situation of human rights of Rohingya Muslims and other minorities in Myanmar: Report of the United Nations High Commissioner for Human Rights," ¶33-41, A/HRC/56/23, undocs.org/a/hrc/56/23; Human Rights Watch, "Myanmar: Rohingya at Risk in Rakhine Fighting," 9 February 2024, https://www.hrw.org/news/2024/02/09/myanmar-rohingya-risk-rakhine-fighting.

24 The Irrawaddy, "Myanmar's Rakhine Spiraling Into Hunger as 50% Drop in Rice Harvest Predicted," 17 June 2024, https://www.irrawaddy.com/business/myanmars-rakhine-spiraling-into-hunger-as-50-drop-in-rice-harvest-predicted.html.

25 Anadolu Agency, "Rohingya repatriation delayed due to cease-fire breakdown with rebels: Myanmar's envoy," 16 October 2024, https://www.aa.com.tr/en/asia-pacific/rohingya-repatriation-delayed-due-to-cease-fire-breakdown-with-rebels-myanmars-envoy/3364102#.

ဆက်ပြီးနေထိုင်နေရပြီး ဒီစခန်းတွေမှာလည်း လွန်ခဲ့တဲ့လတွေအတွင်းမှာ အကြမ်းဖက်မှုတွေ ပိုမိုဆိုးရွားလာခဲ့ပါတယ်။[26] ပြီးခဲ့တဲ့နှစ်ဟာ ရေကြောင်းကုန်းကြောင်းနဲ့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြတဲ့ ရိုဟင်ဂျာပြည်သူတွေ သေဆုံးမှုအများဆုံးဖြစ်ခဲ့ပြီး အမျိုးသမီးနဲ့ မိန်းကလေးငယ်တွေ ဆိုးရွားတဲ့ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွေ ကြုံတွေ့ခဲ့ရတဲ့ နှစ်တစ်နှစ်ဖြစ်တယ်လို့ ကုလသမဂ္ဂက ဆိုခဲ့ပါတယ်။[27] ဒီနှစ်မှာ အခြေအနေပိုဆိုးနိုင်ခြေ များပါတယ်။[28] ဒါကြောင့်လည်း ကျွန်မရဲ့ရိုဟင်ဂျာလူမှုအသိုင်းအဝိုင်းအတွက် မြန်မာနိုင်ငံထဲက  သူတို့ရဲ့နေအိမ်တွေကို ကိုယ်ပိုင်သဘောဆန္ဒအလျောက်၊ လုံခြုံစွာနဲ့ ဂုဏ်သိက္ခာရှိစွာ ရေရှည်ပြန်လည်နေထိုင်နိုင်ဖို့ ဆက်ပြီးကြန့်ကြာမှုတွေ ရှိနေဦးမှာဖြစ်ပါတယ်။[29]

ဂုဏ်သရေရှိ လူကြီးမင်းများရှင်

မြန်မာနိုင်ငံဟာ WPS အစီအစဉ်ရဲ့အဓိကအခြေခံမူတွေကို ဆိုးဆိုးရွားရွား ချိုးဖောက်မှုရဲ့ဥပမာတစ်ခုဖြစ်သလို ဒီအခြေခံမူတွေဟာ ဘယ်ကြောင့် အရေးပါကြောင်း သရုပ်ဖော်ပြနေတဲ့ သက်သေတစ်ခုလည်း ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်တို့အနေနဲ့ WPS အစီအစဉ်ရဲ့ဒေါက်တိုင်တွေအားလုံးကို အလေးထားထိန်းသိမ်းဖို့ ကျွန်မအနေနဲ့ တင်ပြလိုပါတယ်။ အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်မှုတွေအားလုံးမှာ အမျိုးသမီး ပူးပေါင်းပါဝင်မှုရှိအောင် အခိုင်အမာတောင်းဆိုသင့်ပြီး ကုလသမဂ္ဂကပံ့ပိုးကူညီတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တွေအားလုံးမှာ[30] အမျိုးသမီး ပူးပေါင်းပါဝင်မှုကို လိုက်နာဖြည့်ဆည်းရမယ့် သတ်မှတ်ချက်တစ်ခုအနေနဲ့ ချမှတ်ထားဖို့လည်း ကုလသမဂ္ဂကို တိုက်တွန်းသင့်ပါတယ်။ ဒါပေမယ့် အမျိုးသမီးတွေ ပူးပေါင်းပါဝင်နိုင်တဲ့ အခြေအနေတွေမရှိရင် အမျိုးသမီးပူးပေါင်းပါဝင်မှုကို အားပေးထောက်ခံမှုပြသတာဟာလည်း လုံလောက်မှုမရှိနိုင်ပါဘူး။ ငြိမ်းချမ်းရေးစားပွဲဝိုင်းမှာ အမျိုးသမီးတွေအနေနဲ့ သူတို့နဲ့ထိုက်တန်တဲ့နေရာကို ရယူနိုင်ဖို့ဆိုရင် ပဋိပက္ခကြိုတင်တားဆီးရေး၊ လူ့အခွင့်အရေးကာကွယ်ရေးနဲ့ တာဝန်ယူမှုတာဝန်ခံမှု[31] ကိစ္စတွေဟာလည်း အခရာကျပါတယ်။ ဒါ့အပြင် အမျိုးသမီးအဖွဲ့အစည်းတွေနဲ့ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတွေကို ပံ့ပိုးကူညီဖို့၊ ရန်ပုံငွေထောက်ပံ့ပေးဖို့နဲ့ သူတို့ကို တိုက်ခိုက်မှုတွေနဲ့ လက်တုန့်ပြန်မှုတွေကနေ ကာကွယ်ပေးဖို့ လိုအပ်တဲ့ အစီအမံတွေအားလုံး ချမှတ်ဆောင်ရွက်ဖို့ ကျွန်မအနေနဲ့ ထပ်ပြီးတင်ပြလိုပါတယ်။

မြန်မာနိုင်ငံနဲ့ပတ်သတ်ပြီး အရေးပေါ် တံခါးဖွင့်ရှင်းလင်းပွဲတစ်ခု ပြုလုပ်ပြီး ဖြစ်ပျက်နေတဲ့ အခြေအနေအကြောင်းဆွေးနွေးဖို့၊ အစုလိုက်အပြုံလိုက် ရက်စက်ကြမ်းကြုတ်မှုတွေ အထူးသဖြင့် ရခိုင်ပြည်နယ်အတွင်းမှာ ထပ်မဖြစ်အောင် ကြိုတာကာကွယ်ဖို့ နဲ့ ဆုံးဖြတ်ချက် ၂၆၆၉ (၂၀၂၂) ကိုအခြေခံပြီး ဆုံးဖြတ်ချက်အသစ်တစ်ခု ချမှတ်ခြင်း[32] အပါအဝင် ပိုမိုခိုင်မာအားကောင်းတဲ့ အရေးယူဆောင်ရွက်မှုတွေ ဆက်လုပ်သွားဖို့လည်း ကောင်စီကို တင်ပြလိုပါတယ်။ ဆက်လက်ပြီး လက်နက်၊ ခဲယမ်းမီးကျောက် နဲ့ လေယဉ်ဆီ ပံ့ပိုးရောင်းချတာတွေ အားလုံးကို အဆုံးသတ်ဖို့၊ မြန်မာစစ်တပ်ကို ပစ်မှတ်ထား စီးပွားရေးပိတ်ဆို့ အရေးယူမှုတွေ ပြုလုပ်ဖို့၊ နယ်စပ်ဖြတ်ကျော်အကူအညီနဲ့ လူသားချင်းစာနာမှုဆိုင်ရာ လွတ်လပ်စွာဝင်ရောက်သွားမှုကို ခွင့်ပြုဖို့ နဲ့ စစ်တပ်ရဲ့ "သန်းခေါင်စာရင်း"[33] အမည်ခံ အချက်အလက်ကောက်ယူမှုနဲ့ အတုအယောင်ရွေးကောက်ပွဲ[34] ကျင်းပဖို့ ကြိုးပမ်းနေမှုတွေကို ငြင်းပယ်ဖို့လည်း ဆက်လက်တင်ပြလိုပါတယ်။ ကောင်စီအနေနဲ့ မြန်မာနိုင်ငံအခြေအနေကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးကို မဖြစ်မနေလွှဲပြောင်းပေးရန် ဒါမှမဟုတ် ယာယီခုံရုံးတစ်ခုဖွဲ့စည်းဖို့ ထောက်ခံချက်ပေးရန်အပြင် ရိုဟင်ဂျာပြည်သူတွေကို "အကာအကွယ်ပေးထားသောအုပ်စု"[35] အဖြစ် သတ်မှတ်ပေးထားတဲ့ နိုင်ငံတကာတရားရုံးက မြန်မာနိုင်ငံပေါ်ချမှတ်ထားတဲ့ ကြားဖြတ်အစီအမံတွေကို လိုက်နာဖို့ပျက်ကွက်တဲ့ ကိစ္စနဲ့ပတ်သက်ပြီး ဆွေးနွေးဖို့လိုအပ်ပါတယ်။

---

26 "Joint Government of Bangladesh - UNHCR Population Map as of August 2024," 12 September 2024, https://data.unhcr.org/en/documents/details/111125; IISS, "Competing armed groups pose new threat to Rohingya in Bangladesh," 11 December 2023, https://myanmar.iiss.org/analysis/rohingya.

27 UNHCR, "Urgent action needed to address dramatic rise in Rohingya deaths at sea," 23 January 2024, https://www.unhcr.org/news/briefing-notes/unhcr-urgent-action-needed-address-dramatic-rise-rohingya-deaths-sea.

28 UNHCR, "Rohingya refugees: Land and sea routes - Quarterly update - as of June 2024," 26 September 2024, https://data.unhcr.org/en/documents/details/111427.

29 Security Council Resolution 2669 (2022), https://undocs.org/S/RES/2669(2022).

30 NGO Working Group on Women, Peace and Security, "2024 Open Letter to Permanent Representatives to the United Nations in advance of the Open Debate on Women, Peace and Security," 8 October 2024, https://www.womenpeacesecurity.org/resource/open-letter-un-wps-2024/.

31 Security Council Resolution 1325 (2000), ¶11, https://undocs.org/s/res/1325(2000).

32 Security Council Resolution 2669 (2022), https://undocs.org/S/RES/2669(2022).

33 Progressive Voice, "Sham Census Counts for Nothing," 7 October 2024, https://progressivevoicemyanmar.org/2024/10/07/sham-census-counts-for-nothing/; Mary Callahan, "Myanmar's census is a blunt counterinsurgency tool," Frontier Myanmar, 1 October 2024, https://www.frontiermyanmar.net/en/myanmars-census-is-a-blunt-counterinsurgency-tool/.

34 "Free election under Myanmar junta 'impossible': US official," Mizzima, 12 October 2024, https://eng.mizzima.com/2024/10/12/14977.

35 International Court of Justice, "Application of the Convention on the Prevention and Punishment of the Crime of Genocide - The Gambia v. Myanmar: Request for the indication of provisional measures," 23 January 2020, ¶86, https://www.icj-cij.org/sites/default/files/case-related/178/178-20200123-ORD-01-00-EN.pdf.

လက်ရှိ ကောင်စီအနေနဲ့ ကျွန်မတို့နိုင်ငံအနာဂတ်နဲ့ ပတ်သက်တဲ့ ဆုံးဖြတ်ချက်ချမှတ်မှုတွေမှာ အမျိုးသမီးတွေအနနဲ့ တန်းတူမှု၊ အဓိပ္ပါယ်ပြည့်ဝမှု နဲ့ လုံခြုံမှု ရှိစွာ အပြည့်အဝ ပူးပေါင်းပါဝင်နိုင်ရေးအတွက် အတိအလင်း တိုက်တွန်းတောင်းဆိုပေးသင့်ပါတယ်။

ဂုဏ်သရေရှိ လူကြီးမင်းများရှင်

ဒီနေ့ ကျွန်မဟာ မြန်မာနိုင်ငံက အမျိုးသမီးအနည်းငယ်ထဲက တစ်ဦးအနေနဲ့ စကားလုံးနဲ့ပြောပြလို့မရနိုင်လောက်အောင် ဆိုးရွားလှတဲ့ ကျွန်မတို့ပြည်သူတွေရဲ့ ဆင်းရဲဒုက္ခတွေအကြောင်းကို ကောင်စီကိုတင်ပြ ထွက်ဆိုပေးနေတာ ဖြစ်ပါတယ်။ ကကယ်တော့ ရာစုနှစ်တစ်ဝက်ကျော်ကြာ ရှိလာခဲ့တဲ့ ကျွန်မနိုင်ငံက ပဋိပက္ခ၊ ရိုဟင်ဂျာပြည်သူတွေအပေါ် ဆယ်စုနှစ်ကြာ လူမျိုးတုန်းသတ်ဖြတ်မှု နဲ့ ကျွန်မတို့ရဲ့အတိဒုက္ခတွေကို အဆုံးသတ်နိုင်ဖို့ ရောင်းရင်းအမျိုးသမီးတွေရဲ့ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ချက်တွေ ရှိနေတဲ့ကြားက ခုလို ဖြစ်နေတာဖြစ်ပါတယ်။ ဒီနေ့ လူကြီးမင်းတို့ရဲ့နှုတ်ကတိတွေဟာ လက်တွေ့ လုပ်ဆောင်မှုတွေနဲ့ ကိုက်ညီမှု ရှိမလားဆိုတာကို မြန်မာနိုင်ငံနဲ့ ကမ္ဘာတစ်ဝှမ်းက အမျိုးသမီးတွေက စောင့်ကြည့်နေကြပါတယ်။

ကျေးဇူးတင်ပါတယ်။